ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

## ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ ပထမအကြိမ်ညီလာခံ ထုတ်ပြန်ကြေညာချက်

## ထုတ်ပြန်ချက်အမှတ် (၂/၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်

၁။ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ ပထမအကြိမ်ညီလာခံအား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့မှ (၂၀) ရက်နေ့အထိ အွန်လိုင်း နှင့် မြေပြင် ပုံစံနှစ်ရပ်ဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ညီလာခံတွင် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ စတင်ဖွဲ့စည်းခဲ့သည့် ၂၀၂၁ ဧပြီလ (၉) ရက်နေ့ မှ စတင်ဆောင်ရွက်ခဲ့သည့် ကော်မတီအသီးသီး၏ လုပ်ငန်းအစီအရင်ခံစာများအား တင်သွင်းအတည်ပြုခြင်း၊ ကရင်နီပြည်နယ်၏ ကြားကာလအစီအမံကို အတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးချမှတ်ခဲ့ပါသည်။ ထို့ပြင် ညီလာခံမှ ကြားကာလတွင် စစ်အာဏာရှင်နှင့် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေးအထိ နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးရာတိုက်ပွဲများ၌ အစွမ်းကုန် တိုက်ပွဲဝင်သွားကြမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့ကြသည်။

၂။ ညီလာခံတွင် ကရင်နီပြည်နယ်ကြားကာလအစီအမံ၏ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသော အရည်အချင်းနှင့်အညီ အင်အားစု ( ၆ ) ခုမှ အမည်စာရင်းတင်သွင်းလာသည့် ကိုယ်စားလှယ်များဖြင့် ပြည်နယ်အတိုင်ပင်ခံကောင်စီဝင် ( ၁၁ ) ဦးအား ရွေးချယ်အတည်ပြုဖွဲ့စည်းခဲ့ပြီး ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ ( ၇ ) ဦးအား လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်း အတည်ပြုခဲ့ကြပါသည်။

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီဝင် ( ၁၁ ) ဦး၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | အမည် | ကိုယ်စားပြုအဖွဲ့ |
|---|---|---|
| ( ၁ ) | အောင်ဆန်းမြင့် | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| ( ၂ ) | အယ်ဗလင်း | ကရင်နီပြည်နယ်ကြားကာလဥပဒေပြုရေးအဖွဲ့ |
| ( ၃ ) | မိုင်ကယ်ဘိုးရယ် | ကရင်နီပြည်နယ်ကြားကာလဥပဒေပြုရေးအဖွဲ့ |

| | | |
|---|---|---|
| ( ၄ ) | အန်းဂျလို | ကရင်နီပြည်နယ်ကြားကာလဥပဒေပြုရေးအဖွဲ့ |
| ( ၅ ) | ဆိုဖီယာဒေးမြာ | ကရင်နီပြည်အမျိုးသမီးများအင်အားစု |
| ( ၆ ) | မူအန်းဂျလာ | ကရင်နီပြည်အမျိုးသမီးများအင်အားစု |
| ( ၇ ) | ခိုးလ်ပက်ထရစ် | ကရင်နီပြည်နယ်လူမျိုးစု လူငယ်အင်အားစု |
| ( ၈ ) | မူမာရိယာ | ကရင်နီပြည်နယ်လူမျိုးစု လူငယ်အင်အားစု |
| ( ၉ ) | ခူးယို့ဖဲ | ကရင်နီပြည်နယ် အရပ်ဖက်အဖွဲ့အစည်း |
| ( ၁၀ ) | ခူးပိုးရယ် | ကရင်နီအမျိုးသားများကာကွယ်ရေးတပ် |
| ( ၁၁ ) | ခွန်းအသန်း | ကရင်နီအမျိုးသားများကာကွယ်ရေးတပ် |